Highlights from DVB Debate’s White Cards Show

28/3/2015

“What can happen after the White Cards expire?”

“ပိုက်ကတ်အပ်ပြီး ဘာပေးမှာလဲ ဆိုတဲ့ ပွင့်လင်းမြင်သာတဲ့ ကြေညာချက်တစုံတရာ ထုတ်ပြန်တာ မရှိဘူး။ စိုးရိမ်ပူပန်မှုတွေ ရှိနေတယ်။ ဥပဒေအတိုင်း ၇ ရက်အတွင်းအပ်ရမှာဖြစ်သလို တဖက်ကလည်း အစိုးရက သေချာပြန်စိစစ်ပေးဖို့ လိုမယ်”

ဦးချစ်လွင် - တရားလွှတ်တော်ရှေ့နေ

---

“ပိုက်ကတ်ကိုင်ထားသူတွေ သူတို့ပြန်အပ်လိုက်တာနဲ့ အခွင့်အရေးတွေ မရတော့ဘူးဆိုပြီး မျှော်လင့်ချက်တွေ မရှိဘူးလို့ မထင်ပါနဲ့။ နည်းဥပဒေတွေရှိတယ် ကော်မရှင်တွေကနေ ဆက်ဆောင်ရွက်ပြီး လဂ္ဂကကိုဆက်တင်ပြပါမယ်”

ဦးဟန်ညွှန့်(ဥပဒေ) - ဥပဒေပညာရှင်

---

“ဖဆပလခေတ်မှာရော ၂၀၁၀ ရွေးကောက်ပွဲတုန်းကရော ပိုက်ကတ်အသုံးချပြီး နိုင်ငံရေးအမြတ်ထုတ်ခဲ့တယ်။ ၂၀၁၅ ရွေးကောက်ပွဲမှာလည်း ပိုက်ကတ်ကိုင်ဆောင်သူတွေ မဲပေးခွင့်နဲ့အသုံးချသွားမယ်ဆိုရင် ဓားမဦးချနေထိုင်သူတွေနဲ့ ပိုက်ကတ်ကိုင်သူတွေ အခွင့်အရေးတူသွားပြီး အချုပ်အခြာအာဏာကို ထိခိုက်လာမယ်”

ဒေါ်စောမြရာဇာလင်း - ရခိုင်အမျိုးသမီးအစည်းအရုံး ဥက္ကဋ္ဌ

“နိုင်ငံရေးအကျိုးအမြတ်ရချင်လို့ဆိုတဲ့အချက်ကို လက်မခံဘူး။ ဖဆပလခေတ်မှာ သက်ဆိုင်ရာဒေသအသီးသီးက တိုင်းရင်းသားပါတီတွေပဲ နိုင်ခဲ့တာ.အာဏာရပါတီတွေ မဲမရခဲ့ပါဘူး”

ဦးကျော်မင်း - လူ့အခွင့်အရေးနှင့်ဒီမိုကရေစီပါတီ ဥက္ကဋ္ဌ

---

“ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာ မဲပေးခွင့်မရှိဘူးဆိုတော့ ဖွဲ့စည်းပုံအတည်ပြုတုန်းက မဲပေးခွင့်ရခဲ့တယ်၊ နောက် ၂၀၁၀ ရွေးကောက်ပွဲမှာ မဲပေးခွင့်ရခဲ့တယ်ဆိုတော့ အခုဘာလို့ မရတော့တာလဲ ဆိုတာကို အခြေခံဥပဒေခုံရုံးက သုံးသပ်ဖို့လိုမယ်”

ဦးချစ်လွင် - တရားလွှတ်တော်ရှေ့နေ

---

"ကျမတို့ ကမန်တိုင်းရင်းသား ၉၀ဂ လောက်မှာ ၁ဂဂ ပဲမဲပေးခွင့်ရတော့မယ်။ နိုင်ငံသားအခွင့်အရေးရော တိုင်းရင်းသားအခွင့်အရေးဆုံးရှုံးနေတယ်။ ကျမတို့က ဒါဆို လူများစုအခွင့်အရေးကိုလဲ အလေးထားရင် လူနည်းစုအခွင့်အရေးကိုလည်း စဉ်းစားပေးရမှာပေါ့"

မခင်စန္ဒာထွန်း - ကမန်တိုင်းရင်းသူ

---

"ပိုက်ကတ်ထုတ်ပေးဖို့ဆိုတာ ရုံးထိုင်စားပွဲခင်းပြီး အားလုံးကို ဒလဟော ထုတ်ပေးနေတဲ့ပုံစံမျိုး ပြောတာ သဘာဂမကျဘူး။ လဂက ကနေ ဥပဒေနဲ့အညီ သေချာစိစစ်ပြီး အထောက်အထားခိုင်လုံပြီဆိုမှ ထုတ်ပေးတာပါ"

ဦးကျော်မင်း - ဒီမိုကရေစီနှင့်လူ့အခွင့်အရေးပါတီ ဥက္ကဋ္ဌ

"မောင်တောမှာဆိုရင် ငွေလိုအပ်နေတဲ့ သက်ဆိုင်ရာတွေကို ပိုက်ဆံများများပေးနိုင်ရင် ပိုက်ကတ်ရတယ် ဒါဟာ ပကတိလက်ရှိအခြေအနေပါ"

ဦးသိန်းဦး - စစ်တွေမြို့ခံတဦး

---